ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်မြေများအတွင်း မြန်မာ့တပ်မတော်က မဟာဗျူဟာ ထိုးစစ်များ ဆင်နွှဲနေခြင်းအပေါ် ပြင်းထန်စွာ ကန့်ကွက်ကြောင်း ထုတ်ပြန်ကြေငြာချက်

၁။ မြန်မာ့တပ်မတော်သည် လွန်ခဲ့သော ဧပြီလဆန်းပိုင်းမှစ၍ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်မြေများအတွင်း စစ်အင်အား အလုံးအရင်းဖြင့် KIA တပ်များ၊ TNLA နှင့် SSA (N) တပ်ဖွဲ့များအပေါ် ထိုးစစ်ဆင် တိုက်ခိုက်နေခြင်းသည် ကြီးမားကျယ်ပြန့်သော မဟာဗျူဟာမြောက် စစ်ဆင်ရေးကြီးအသွင် ဆောင်နေ၍ UNFC က ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

၂။ မြန်မာ့တပ်မတော် တပ်မများအနက် ၂၂ နှင့် ၄၄ ကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နောက်ချန်ထားပြီး ကျန် ၁၁ / ၃၃ / ၅၅ / ၆၆ / ၇၇ / ၈၈ နှင့် ၉၉ တပ်မများအားလုံးသည် အထက်ဖော်ပြပါ နယ်မြေများအတွင်း ရောက်ရှိနေရာယူ ဖြန့်ကျက်ထားပြီး ဖြစ်သည့်အပြင် ဒေသခံ ရမခ / မပခ လက်အောက်ခံတပ်ရင်းများ၊ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ၁၆ နှင့် ၂၁ ၏ လက်အောက်ခံတပ်ရင်းများ နှင့် ပူးပေါင်း စစ်ဆင်နေခြင်းကြောင့် "**သာလွန်အင်အား**" ကို သိသာထင်ရှားစွာ အသုံးပြုနေကြောင်းကိုလည်း တွေ့မြင်နေရပါသည်။

၃။ ယင်းကဲ့သို့ မြန်မာ့တပ်မတော်သည် သာလွန်အင်အားကို အသုံးပြုနေရာယူ၊ ဖြန့်ကျက်ထားပြီး KIA / TNLA / SSA (N) တပ်များကို ဦးတည်ချေမှုန်းရန် ထိန်းချုပ်ကြိုးစားမှုများကြောင့် နေရာအနှံ့ တွေ့ထိတိုက်ပွဲများ ဖြစ်လာခဲ့ရခြင်း / ဖြစ်လာနိုင်ခြင်းကြောင့် အတောမသတ်နိုင်သော စစ်ပြေးဒုက္ခသည်များ နေရပ်စွန့်ခွာ ထွက်ပြေးရခြင်း၊ လူ့အခွင့်အရေးချိုးဖေါက်မှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အပါအဝင် "**စစ်ရာဇဝတ်မှု**" ကျူးလွန်မှုများကိုလည်း နေ့စဉ်ရက်ဆက် ကြားသိနေရသည်မှာ UNFC မှ စိုးရိမ်မကင်း ဖြစ်ရခြင်းနှင့်အတူ စိတ်မချမ်းမသာ ဖြစ်ရပါသည်။

၄။ အထူးသဖြင့် "တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်" တရပ် နှစ်ဘက်ကိုယ်စားလှယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ) အကြား ချုပ်ဆိုနိုင်ရန်အတွက် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးပွဲများ အစီစဉ်တကျ ကျင်းပပြုလုပ် နေချိန်တွင် ယွခုကဲ့သို့ အစိုးရဘက်မှ စစ်အင်အား အသုံးပြု၍ ပြဿနာ ဖြေရှင်းရန် ကြိုးစားနေခြင်းမှာ လုံးဝ မလုပ်သင့် မလုပ်ထိုက်သောကိစ္စ ဖြစ်ရုံမျှမက ရရှိပြီးသော နားလည်မှု၊ ယုံကြည်မှု နှင့် သဘောတူညီမှု

အဆင့်တိုင်းကို တစစီ ပြန်လည်ချေဖျက်နေသကဲ့သို့ ဖြစ်သွားမည်ကိုလည်း UNFC က သတိပေးလိုပေသည်။

၅။ ထို့ကြောင့် အထက်ဖေါ်ပြပါနယ်မြေများအတွင်း နေရာယူဖြန့်ကျက်ထားပြီး ထိုးစစ်ကြီးများ ဆင်နွှဲနေသော/ ဆင်နွှဲရန်ပြင်ဆင်နေသော တပ်ရင်းတပ်ဖွဲ့များအားလုံးကို ပြန်လည်ခေါ်ယူ ရုပ်သိမ်းရန်နှင့် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူပြီး နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပခြင်း၊ နိုင်ငံရေး သဘောတူညီချက်များ ရယူခြင်းအထိ ဆက်လက်ဆောင်ရွက်ပြီး ရေရှည်တည်တံ့၍ ဂုဏ်သိက္ခာရှိသော ငြိမ်းချမ်းရေးကို အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် ဖေါ်ဆောင်ကြပါစို့ ဟု - တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

(၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၁ -၂၂ နေ့တို့တွင် ကျင်းပသော UNFC ဗဟိုအလုပ်အမှုဆောင်ကော်မီတီ (တိုးချဲ့) အစည်းအဝေး ဆုံးဖြတ်ချက်အရ)

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၃) ရက်နေ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီ
၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၉) ရက် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ